မော်မေ့ကျေးရွာ

မိုင်းရှူးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မော်မေ့ကျေးရွာ၊ မိုင်းရှူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊

လွိုင်လင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊

မိုင်းရှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

မာတိကာ

စကားချီး ၅

မော်မေ့ကျေးရွာသယံဇာတပြဓေပုံ၊
၆

မော်မေ့ရာသီခွင်ပြ ပြက္ခဒိန် ၊မိုင်းရှူးမြို့နယ် ၇

မော်မေ့ရွာတွင်း၊ရွာပ အဖွဲ့အစည်းများဆက်သွယ်မှုပုံစံ ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် တည်ဆောက်မှု အခြေပြဇယား

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
ရည်ရွယ်ချက်

၂။ ကျေးရွာ၏ တည်နေရာ၊ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က) တည်နေရာ ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
(ခ) သဘာဝအရင်းအမြစ်

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျား/မ ဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေး ကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၁
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျန်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊
၁၂

အဟန့်အတားများနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် စိန်ခေါ်မှုများ

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ ၁၂

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၁

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ ၁၃

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စီစစ်ခြင်း

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

(ဃ) ကျေးလက်အသေးစားစက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့ ၁၄

(င) ကျေးလက်စျေးဆောက်လုပ်ရေး

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၄

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ဦးစားပေး စီမံချက်များ

(ဂ) ကျေးရွာမှ အဆိုပြုသောစီမံချက်များအတွက် ဦးစားပေးအမှတ်ပေးခြင်း

(ဃ) စီမံချက်များအား အသုံးပြုမည့်ဘက်ဂျက်၏ ရည်ရွယ်ချက်အလိုက်ဖော်ပြခြင်း

(င) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် အစီအစဉ် နှင့် နည်းလမ်းများ ၁၅

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၀။ စီမံကိန်း အားစဉ်စက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၁၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကဲဖြတ်ခြင်း

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာအထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ ၁၈

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂)　လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား (၃)　လုပ်ငန်းနှင့် ကျားမ အလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား (၄)　ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၅)　ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ
ဇယား (၆)　ဥစ္စာဓနအဆင့် အခြေအနေ
ဇယား (၇)　ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား (၈)　ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၉)　ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၁၀)　ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

၂

(၂)　ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ　၂၃

ဇယား (၁၁)　ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား (၁၂)　ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း
ဇယား (၁၃)　ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၄)　ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား (၁၅)　အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၆)　ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၇)　သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၈)　သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား (၁၉)　မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၂၀)　မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၁)　မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက်တိုးတက်စေရန် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား (၂၂)　စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၃)　မွေးမြူရေးနှင့် သားငါးထုတ် လုပ်မှုတိုးတက်စေရန် အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၂၄)　ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ /ပုံစံနှင့်အချိန်ကာလ
ဇယား (၂၅)　ရွှေ့ပြောင်းသွားလာခြင်း၏ အဓိကအကြောင်းအရင်း
ဇယား (၂၆)　ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား (၂၇)　ကုန်စည်နှင့် ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား (၂၈)　ငွေကြေးလက်လမ်းမှီမှု နှင် ဘဏ်လုပ်ငန်း
ဇယား (၂၉)　ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု အတွက် လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ
ဇယား (၃၀)　မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့်စာတက်မြောက်မှုနှုန်း၊ ကျောင်းတက်နှုန်း
ဇယား (၃၁)　ကျောင်းအပ်နှုန်း

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား (၃၄) အဖြစ်များသော ရောဂါများ
ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၃၇) သောက်သုံးရေ ရရှိမှု
ဇယား (၃၈) အိမ်သာအမျိုးအစား
ဇယား (၃၉) ကျား- မ ရေးရာ
ဇယား (၄၀) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

၃

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ
ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၇) ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု အထောက်အထားများအား လက်လှမ်းမှီမှု
ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေ
ကောင်းများအဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေနေကောင်းများ ၃၈
ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတား စိန်ခေါ်မှုများ ၃၉

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ် ၄၀

အပိုင်း (က) ဖွံ့ဖြိုးရေးဆိုင်ရာ တည်ဆောက်မှု အခြေပြဇယား

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၄၅

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

စကားချီ

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင် ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနေဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မိုင်းရှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူ ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည် မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်

နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ မိုင်းရှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန် နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မော်မေ့ကျေးရွာ၊ မိုင်းရှူးမြို့နယ်

မော်မေ့ကျေးရွာ သယံဇာတပြန်လည်ပုံ၊ မိုင်းရှူးမြို့နယ်





မော်မေ့ကျေးရွာ ရွာတွင်း၊ရွာပ အဖွဲ့အစည်းများ ဆက်သွယ်မှု ပုံစံ

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီး သောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း များရေးဆွဲ အကောင်အထည် ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အ လက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလက်မှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေ သောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များကို အစိုးရဟုတ်သောအဖွဲ့အစည်းများ (NGO) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSO) နှင့်အလှူရှင်အဖွဲ့အစည်း များသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင် မည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းရှင်းများနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များနှင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ် ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်းနည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရှိပြီး၊အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကိုအဓိကထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးကိုအကောင်ထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲ များရှိနေပါသည်။ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည့်။

၂။ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် တည်နေရာ သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည်မိုင်းရှားမြို့နယ်၏ မြောက်ဘက်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံး စိုက်ရာမိုင်းရှားမြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။။ ကျေးရွာသည် ကုန်းပြင်မြင့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ (၇၀) မှ (၉၀) ဝန်းကျင်တွင် ရှိပြီး စိုက်ပျိုးရေ'လုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာအနီးတွင် နမ့်ငချောင်းစီးဆင်း လျက်ရှိပါသည်။ လယ်ယာမြေများသည် စပါး၊ ပဲ၊ ပြောင်းစိုက်ပျိုးထုတ်လုပ်ရန် နှင့် အသက်မွေး ဝမ်းကျောင်းအတွက် အဓိက အားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး ကုန်းပြင်မြင့်ဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝ သယံဇာတ မထွက်ရှိပါ။ မြေအောက်ရေ အသုံးပြုမှု မရှိပါ။ ထွန်ယက် စိုက်ပျိုးနိုင်သည့် ဧက(၅၉.၁၈)ဧကရှိပြီး စပါးကို အဓိက စိုက်ပျိုးကြသည်။ တောင်ယာ (၅၄၇.၇၇) ဧက၊ ဥယျာဉ်ခြံ (၄၄.၅)ဧက ရှိပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း(၆၈)စု နှင့် ကျား(၂၁၄)၊ မ(၂၂၈)ဦးဖြင့် လူဦးရေပေါင်း(၄၄၂)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျှမ်းမျှ (၆.၅)ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေ ပေါင်း၏(၈၀)%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ် များကို လေ့ကျင့်သင်ကြား ပေးနိုင်လျှင် ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေထက် (၃)%မျှပိုများသည်။

၉

(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန် အားဖြင့်လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၁၁)% သည် ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး (၁၇)% သည် ချမ်းသာသည့်အဆင့်၊ (၇၂)% သည်အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာ များပိုင်ဆိုင်မှုနှင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ရှိသည်။ ချမ်းသာသော အိမ်ထောင်စုများမှာ လယ်ယာမြေ လုပ်ငန်း ကိုအဓိကလုပ်ကိုင်ကြသည်။ အလယ်အလတ်အိမ်ထောင်စုများမှာ လည်းစိုက်ပျိုးရေး နှင့် ဈေးရောင်းခြင်းလုပ်ငန်း များလုပ်ကိုင်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးနှင့် ကျပန်း စသောလုပ်ငန်းများ ကိုလုပ်ကိုင်ကြပါသည်။

(ဂ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက် ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာတွင်ကျေးလက်ကျန်မာရေးဌာနခွဲရှိသည့်အတွက် ကျန်းမာရေးအခြေခံစောင့်ရှောက်များကို ကျေးရွာတွင် ရရှိနိုင်ပါသည်။ မြို့နယ် ဆေးရုံနှင့်(၂)မိုင်သာ ကာဝေးသောကြောင့်အရေးပေါ်အခြေအနေများဖြစ်သော်လည်း အလွယ်တကူ သွားလာနိုင်သည်။ ကျေးရွာတွင် စိမ့်စမ်းရေကိုသာရရှိနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။

(ဃ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာမတတ်သူဦးရေများပြားပြီး၊အထက်တန်းအဆင့်နှင့်ကောလိပ်တတ်ရောက်သူအနည်းအကျဉ်းသာရှိ ကြောင်းတွေ့ရှိရသည်။အထက်တန်းနှင့် ကောလိပ်/တက္ကသိုလ်အဆင့်များသို့ ဆက်လက်တက်ရောက်နိုင်သူလူဦးရေ နည်းပါးရခြင်းမှာ ငွေကြေးမတက်နိုင်ခြင်း၊ မိဘများကလည်းပညာရေးထောက်ပံ့မှုအားနည်းခြင်းတို့ကြောင့်ဖြစ်ပါသည်။ ထို့ကြောင့်အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုအနေဖြင့် စိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ကြပြီးလူငယ်လူရွယ်များအတွက် အခြားအလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

(င) ကျား/မဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင်အမျိုးသားများနှင့်အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များ တွင် အခွင့်အရေးတူညီစွာရရှိနိုင်သည်ဟု ယေဘုယျပြောနိုင်သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပါဝင်ဆောင်ရွက်မှုရှိသော်လည်း စီမံအုပ်ချုပ်မှုစနစ်တွင်ပါဝင်မှု အားနည်းလျက်ရှိသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများတွင်မူလတန်း ၊အလယ်တန်း အထက်တန်းများတွင် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အလန်းမှာအမျိုးသားများထက်များပြားသည်ကို တွေ့ရသည်။သို့သော် ကျေးရွာတွင်လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်မှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခငွေများလျော့နည်းပြီး ရကြသည်။ ကျား/မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေး ခြင်းများ မြှင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံ အုပ်ချုပ်မှု

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့တို့ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်း များဖွဲ့စည်းထားသော်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘော တရားတို့နှင့်ပတ် သက်၍ အားနည်းကြပြီးအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက် ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်ပြောင်းကိုသာ အဓိကထားစိုက်ပျိုးကြသည်။ စိုက်ပျိုးရေးတောင်သူများလယ်ယာလုပ်ငန်း ခွင်အတွက် လယ်ယာမြေပြင်ဆင်စရိတ် ၊လယ်ယာသုံး စက်ပစ္စည်းများကို မြို့နယ်သ/မဦးစီးဌာနမှ အရစ်ကျချေးသော်လည်း လုံလောက်မှုမရှိခြင်း၊ အလုပ်သမားရှားပါခြင်း ပြဿနာကိုရင်ဆိုင်နေရသဖြင့် သီးနှံထုတ်လုပ်မှုလျော့နည်းလျက်ရှိသည်။

ကျေးရွာတွင်အိမ်ထောင်စအားလုံးနီးပါး ဒေသကြက်ကို မွေးမြူကြသည်။ မွေးမြူရေးလုပ်ငန်းအား အဓိကကျသော စီးပွားရေးလုပ်ငန်းအဖြစ်လုပ်ကိုင်ခြင်းမရှိသော်လည်း ဝက်မွေးသူအိမ်ထောင်စုမှာတစ်ရွာလုံး၏ (၂၀)% ခန့်ရှိပြီး နွားမွေးမြူ သူအိမ်ထောင်စုမှာ(၆၃) % ရှိသည်။

ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများကြောင့် တိရိစ္ဆာန်များ သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေး/ကုဌီးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်း မလုံလောက် မှုကြောင့် လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ ကျေးရွာတွင် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းအဖြစ် ဝါးခမောက်လုပ်ငန်း၊ မရွေးလုပ်ငန်းများကို ရာသီအလိုက်လုပ်ကိုင် သူရှိသော်လည်း ဈေးကွက်မရှိခြင်း၊ အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားသော်လည်း အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အထိအတွေ့နည်းပါးကြပါသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း နိမ့်ကျကြပြီး ၊ သင်တန်းစရိတ် ကုန်ကျခံရန် နှင့် လုပ်ငန်းထူထောင်ရန် ငွေကြေးအဆင်အမပြေသဖြင့် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူနည်းပါးသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင်တောင်သူများ၏ မြေဆီမြေဩဇာမှာအလွန်ကောင်းမွန်သောအခြေအနေတွင်မရှိသော်လည်း မြေဆီလွှာ များပျက်စီးမှုနည်းပါသည်ကိုတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျမီးရှို့ဖျက်ဆီးကြခြင်းဖြင့်သဘာဝပတ်ဝန်း ကျင်ကိုထိန်းသိမ်းကြပါသည်။ကုန်းမြင့်ဒေသဖြစ်ခြင်းကြောင့်သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့နည်းပါးသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားပြီး တောင်သူအချို့အိမ်ထောင်စုများမှာ မြို့နယ်သမဝါယမချေးငွေ မှ ကာလလတ်ချေးငွေအား အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်ကြသည်။ကျေးရွာသားအများစုသည် ချေးငွေကို စိုက်ပျိုးရေး အတွက်အဓိကထား ချေးယူကြပြီး ချေးငွေလိုအပ်ချက်များပြား ကြောင်းတွေ့ရှိရပါ သည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စာသင်ကျောင်း၏ကြမ်းခင်းဧရိယာ(၁၀၃၅)စုတုရန်းပေရှိသည့် မူလတန်းအဆင့်စာသင်ကျောင်း ဆောင်တွင်သာ စာသင်ကြားလျက်ရှိပါသည်။ ယခုနှစ်ကျောင်းအပ်နှံနှုန်းသည် ယခင်နှစ်ထက် ပိုနေကြောင်း တွေ့ရှိရကာ ယခင်က အသိပညာပေးမှုနည်းပါးခဲ့သောကြောင့် ကျောင်းနေအရွယ်ကလေးများကျောင်းနေခဲ့ခြင်းမရှိသဖြင့်စာမတတ်သူ ဦးရေများပြားခဲ့ရသည်။ ယခုအခါကျောင်းနေအရွယ်ကလေးများ ရာနှုန်းပြည့်နီးပါးပညာသင်ကြားနေသည်ကို တွေ့ရှိရသည်။ ကျောင်းဆရာ/မ အင်အားအလုံအလောက်ရှိသော်လည်း စာသင်ဆောင်မှာအခန်းလိုက်ခွဲထားနိုင်ခြင်းမရှိဘဲ ဟောခန်းအဖြစ်နှင့် သာ သင်ကြားရသည့်အတွက် အတန်းလိုက် အခန်းကန့်သတ်ပေးရန်လိုအပ်သည်ကိုတွေ့ရသည်။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိသည့်အတွက် အချိန်မရွေးသွားရောက်ကုသနိုင်ပါသည်။ ကျေးရွာတွင်တစ် ရွာလုံးနီးပါးယင်လုံအိမ်သာကို သစ်သားဖြင့်တည်ဆောက်၍သုံးစွဲကြသဖြင့် ကူးစက်ရောဂါဖြစ်ပွားကျရောက်မှု နည်းပါးသည်။

ကျေးရွာတွင်းရှိ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားခြင်းမရှိသောကြောင့် ကျောင်းသူ/သားများ အတွက် အသုံး ပြုရန် ခက်ခဲသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စုများမှာ ရွာရေလှောင်ကန်အား စိမ့်စမ်းရေမှတစ်ဆင့် သွယ်တန်း၍ အသုံးပြုကြပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင်းရှိလူငယ်များသည်လူမှုရေးဖွံ့ဖြိုးရေးနှင့် သာရေးနာရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်မှုရှိသော် လည်း ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ခြင်းတွင်ပါဝင်ဆောင်ရွက်မှု အားနည်းကြောင်းတွေ့ရသည်။

(ဇ) အခြေခံအဆောက်အဦးများ အားလက်လှမ်းမှီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းရှိလမ်းမှာမြေသားလမ်းဖြစ်ပြီး အများအားဖြင့်ဆိုင်ကယ်ကိုသာအသုံးပြုကြပါသည်။ ကျေးရွာတွင်း တံတား များဆောက်လုပ်နိုင်ခြင်းမရှိခြင်းကြောင့် ရေပြွန်နှင့်ရေကျော်တံတားများဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။ ရေလမ်းအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအနေဖြင့်မြေသာလမ်းကိုသာ အသုံးပြုလျက်ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသဖြင့်အိမ်ထောင်စုအနည်းငယ်သာ ဆိုလာစနစ်ကိုအသုံးပြုသောကြောင့် ဆက်သွယ်ရေးနှင့်သက်ဆိုင်သော ဖုန်းအသုံးပြုနိုင်သူနည်းပါးခြင်း ကျေးရွာတွင်းနေရာများတွင် ဖုန်းလိုင်းများမမိခြင်းကြောင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရရှိရန် အားနည်းသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့ စေသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။

၅။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ် မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင် လူဦးရေအားလုံး၏(၈၀)%မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ သက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေး ခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာတွင်းရှိအိမ်ထောင်စုများသည်လည်းစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြသဖြင့်လယ်ယာထွက်ကုန်များအတွက် အခွင့်အလမ်းကောင်းတစ်ရပ်အနေဖြင့်ရှိနေပါသည်။ သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် ကုန်းမြင့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူ များလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ကျေးရွာတွင် မွေးမြူရေး ထွက်ကုန်ရောင်းချရန် စျေးကွက်ကောင်းမရှိသဖြင့် မွေးမြူရေးလုပ်ငန်းတိုးချဲ့ရန်အခွင့်အလမ်းမရှိပါ။ မွေးကွဲစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးပါကမွေးမြူရေးလုပ်ငန်းပိုမိုတိုးချဲ့ဆောင်ရွက်လာနိုင်စေပါသည်။

ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာအများအားဖြင့်ကောင်းမွန်ကြပြီး ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း အလွယ်တကူရနိုင်ပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့်ထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့်တောင်သူများအဖို့အထွက်နှုန်းတိုးမြှင့်အောင်ဆောင်ရွက်ရပေမည်။ ကျေးရွာတွင်မွေးမြူရေးထုတ်ကုန်ရောင်းချရန်စျေးကွက်ကောင်းများမရှိခြင်းကလည်း မွေးမြူရေးလုပ်ငန်းကိုတိုးချဲ့ဆောင်ရွက်ရန် အဟန့်အတားဖြစ်စေပါသည်။ ကျေးရွာတွင်စာသင်ကျောင်းနှင့်ပံ့ကိုးပစ္စည်းများမှာလက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်အရှိပါ။ ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတက်ပညာ၊ အထိအတွေ့တို့ အသင့်အတင့် သာရှိပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

မိုင်းရွာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကိုတိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့်ကလေးငယ်များ၏လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေး တို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိလာပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အတွက်ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး ၊ မွေးမြူရေးနည်းပညာသင်တန်းများ တက် ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်း တက်ရောက် ထားသူများကတဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီးမိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင် လုပ်ငန်းများတွင် အသုံးချကာထုတ်လုပ်မှု တိုးတက်စေမည်။

(၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ် ပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန်သင့်တော်သောသင်တန်းသားများကိုတက်ရောက်နိုင်ရန်စီစဉ်ပေးမည်။

ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန်အရင်း အနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး အထက်တန်း ကျောင်းခွဲ တွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေး တို့အတွက် ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာစျေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှု အဖွဲ့ အစည်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမို ရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာန ဆိုင်ရာများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့ အစည် များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များ နှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးနှင့်ပြောင်း စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာ တစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေး အတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအား ထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူ များအတွက် သီးနှံပျက်စီးမှု နှင့်ဝင်ငွေ လျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများ အတွက်လိုအပ်သော ချေးငွေ ရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။

အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစား စီးပွားရေးလုပ်ငန်းများ အတွက် အထိုက် အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်း ထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမ အသင်းကချေးငွေ လိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီးအလုပ်အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ စျေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။

ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြား နေသော လုပ်ငန်းများအတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲ ပါသည်။ ကျွန်ုပ်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့် မတွေ့ ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ် အဆင့်စီမံခန့်ခွဲရေးအောက် တွင်ထားရှိကာတစ်နှစ်ပတ်လုံးဝန်ဆောင်မှု ရရှိအောင်ဆောင်ရွက် ပေးရန် လိုအပ်ပါသည်။

(င) ကျေးလက်စျေးဆောက်လုပ်ရေး

ကျေးရွာတွင် ယာယီစျေးမရှိဘဲ အိမ်ဆိုင်များသာ ရှိပါသည်။ မြို့နယ်အာဏာပိုင် အဖွဲ့ အစည်း များက ရေ၊ သန့်ရှင်းရေးစနစ်နှင့် လမ်းတို့စနစ်တကျပါဝင်သည့် စျေးအဆောက်အဦး တစ်ခုတည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက် ပေးသင့်ပါသည်။ ဝမ်ဆော့ ကျေးရွာ အပြင် အနီးပတ်ဝန်းကျင်မှ ရွာသူ/သားအချို့အတွက်လည်း အကျိုးခံစားမှု ရရှိစေနိုင်ပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သ ဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်

တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် သုံးသပ်ရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်း ရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထက်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ကိုဆောင်ရွက်သွားကြပါမည်။

(ခ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေး အဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက် များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန် လည်း လိုအပ်ပါသည်။

(ဂ) ကျေးရွာမှအဆိုပြုသော စီမံချက်များအတွက်
ဦးစားပေး အမှတ်ပေးခြင်း

အကဲဖြတ်အမှတ်ပေးသူ (၁)

စဉ်	ပေးမှတ် (၁) မှ (၁၀)
၁	၇
၂	၄
၃	၁၀
၄	၃
၅	၁၀

အကဲဖြတ်အမှတ်ပေးသူ (၂)

စဉ်	ပေးမှတ် (၁) မှ (၁၀)
၁	၈
၂	၃
၃	၁၀
၄	၅
၅	၆

အကဲဖြတ်အမှတ်ပေးသူ (၃)

စဉ်	ပေးမှတ် (၁) မှ (၁၀)
၁	၃
၂	၄
၃	၁၀
၄	၅
၅	၇

အကဲဖြတ်အမှတ်ပေးသူ (၄)

စဉ်	ပေးမှတ် (၁) မှ (၁၀)
၁	၃
၂	၇
၃	၁၀
၄	၅
၅	၆

အကဲဖြတ်အမှတ်ပေးသူ (၅)

စဉ်	ပေးမှတ် (၁) မှ (၁၀)
၁	၆
၂	၂
၃	၁၀
၄	၄
၅	၈

ကျေးရွာမှ အဆိုပြုသော စီမံချက်များအတွက် ဦးစားပေးအမှတ်ပေးဇယား

စီမံချက်	အကဲဖြတ် အမှတ်ပေးသူ (၁)	အကဲဖြတ် အမှတ်ပေးသူ (၂)	အကဲဖြတ် အမှတ်ပေးသူ (၃)	အကဲဖြတ် အမှတ်ပေးသူ (၄)	အကဲဖြတ် အမှတ်ပေးသူ (၅)	စုစုပေါင်း	အဆင့်
၁	၇	၈	၃	၃	၆	၂၇	၃
၂	၄	၃	၄	၇	၂	၂၀	၅
၃	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၄	၃	၅	၈	၅	၄	၂၅	၄
၅	၁၀	၉	၉	၆	၈	၄၂	၂

အဆိုပြုစီမံချက် နှင့် ဦးစားပေးစီမံချက်များ

စဉ်	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်
၁	မြေသားလမ်းတိုးချဲ့ခြင်း	၅၀	၁
၂	ကျောက်ကြမ်းလမ်းခင်းခြင်း	၄၂	၂
၃	ကျေးရွာသာရေး/နာရေး ဘုံခန်းမဆောက်လုပ်ခြင်း	၂၇	၃
၄	မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း	၂၅	၄
၅	KG ကျောင်းဆောင်ဆောက်လုပ်ခြင်း	၂၀	၅

(ဃ) စီမံချက်များအား အသုံးပြုမည့် ဘတ်ဂျက်၏ရည်ရွယ်ချက်အလိုက်ဖော်ပြခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification) ဖြင့် ဝန်ကြီးဌာနများ၊ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။

ရင်းနှီး မြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic 19lassify –cation) တွင်

- ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်
- သာမန်အသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအသုံးစရိတ်တို့ပါဝင်သည်။

(c) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန် ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် လည်းထည့်သွင်းပေးမည်။

စီမံချက်	အဆင့် ၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ မြေသားလမ်းခင်းခြင်း	၁	Â			
၂။ ကျောက်ကြမ်းလမ်းခင်းခြင်း	၂		Â		
၃။ ကျေးရွာသာရေး/နာရေး ဘုံခန်းမဆောက်လုပ်ခြင်း	၃			Â	
၄။ မြေထိန်းနံရံတည်ဆောက်ခြင်း	၄				Â
၅။ KG ကျောင်းဆောင်ဆောက်လုပ်ခြင်း	၅				Â

၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်ထည်ဖော်မည့် အစီအစဉ်နှင့် နည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေး နှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်ထည်ဖော်ရန်တာဝန် မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင် ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာ မူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင် ရွက်စေ၍လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက် ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်တုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက် သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများ ကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများတွင် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊စိုက်ပျိုးရေး မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှု ပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)
- ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအ အလျောက်ထည်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်း သွားလာသယ်ယူ မည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွဲ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့်တံတားပြုပြင် ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ စာသင်ကျောင်းပြု ပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

၁၀။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၍ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်း လွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ် သည့်လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါမည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်ထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ် ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်သွားပါမည်။ ဤသို့ဆောင်ရွက်ရန်သင့်တော်သောအဖွဲ့အစည်းစနစ် ၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လ ပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ(Baseluine) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်မည့်ကိစ္စများကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ပါမည်။

(၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက် များအပေါ် ဦးတည်ပါမည်း-

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်ထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လ ပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌ နှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာ သည် စာမျက်နှာ ၂မျက်နှာ ၊ ၃မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်အလက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ ၊ လိုအပ်သောအကူအညီ အထောက်အပံ့များစသည်တို့ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင်စီမံကိန်း၏တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှပြန် လည်သုံးသပ်အကဲ ဖြတ် ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေး ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း / ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ၊ သတင်းမီဒီယာ များ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲများမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်		၁	၁
၁နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၄	၃	၇
၅နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၁	၁၁	၂၂
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ	၁၉	၂၀	၃၉
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၇၄	၁၈၈	၃၆၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၅	၁၁
စုစုပေါင်း		၂၁၄	၂၂၈	၄၄၂
စုစုပေါင်း အိမ်ထောင်စု		၆၈		

၁၈

ရင်းမြစ်... (၁)အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ နို့စို့အရွယ် နှင့် သက်ကြီးရွယ်ကြီး လူဦးရေအရေအတွက် နည်းပါးသည်။ အလုပ်လုပ် နိုင်သူဦးရေကောင်းမွန်စွာများပြားသော်လည်းအလုပ်အကိုင်အခွင့်အလမ်းနည်း၍ပြည်တွင်း/ပြည်ပထွက်ခွာအလုပ်လုပ်ကိုင်များမြင်းတက်လျက်ရှိသည်။ကျောင်းနေအရွယ်လူငယ်နှင့်အလုပ်လုပ်နိုင်သူအရွယ်ကောင်းများပြားစွာရှိနေသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	**လုပ်ငန်းများ**	**အဓိက အလုပ်အကိုင်**		**အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူ(ဦးရေ)**	**ရပ်တည်မှု**
		အိမ်ထောင်စု	**မိသားစုဝင်လုပ်အား**		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၆၈	၁၉၀		မြင့်
	အလုပ်သမား/ ဝန်ထမ်း				
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				
၃	**ငါးလုပ်သား (ရေချို/ရေငန်/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူးခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				
၄	**သစ်သောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				
စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				

	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး

၅	ကိုယ်ပိုင်လုပ်ငန်း				မြင့်
	အလုပ်သမား/ ဝန်ထမ်း				လတ်
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				
၇	**လျှပ်စစ်ဓာတ်ငွေနှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				
၈	**လျှပ်စစ်ဓာတ်ငွေနှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၃	၃	၁	နိမ့်
	အလုပ်သမား/ ဝန်ထမ်း			၂	နိမ့်

	ကိုယ်ပိုင်လုပ်ငန်း	၁	၂	၁	နှိမ့်
	အလုပ်သမား/ ဝန်ထမ်း				
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည့်)**				
	ကိုယ်ပိုင်လုပ်ငန်း	၂	၂		နှိမ့်
	အလုပ်သမား/ ဝန်ထမ်း				
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၁၇	၃၇	၃	လတ်
	အလုပ်သမား/ ဝန်ထမ်း	၁	၁	၂	နှိမ့်
၁၂	**ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း			၁	နှိမ့်
	အလုပ်သမား/ ဝန်ထမ်း			၁	နှိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း			၁	နှိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				နှိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ဝန်ထမ်း				နှိမ့်
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား/ ကျပန်း/ ရာသီအလိုက် လုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				

	အလုပ်သမား/ ဝန်ထမ်း				

ရင်းမြစ် …. (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရေးကိုသာအဓိကဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်ကြပြီး အခြားအိမ်ထောင်စုဝင်များမှာ ပြင်ပသို့သွားရောက်အလုပ်လုပ်ကိုင်သူများပြားကြောင်းတွေ့ရှိရပါသည်။ဝန်ထမ်းလုပ်ကိုင်သူ (၁)ဦးသာရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၃၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္ထုတူးဖော်ရေး ၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်း မြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ပန်ရံလုပ်ငန်း	နေ့စား	၅၀၀၀	၃၅၀၀	၄၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အုပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည့်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖ အုပ်စု၊အမျိုးသမီးအုပ်စု ၊လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးအတွက်နေ့စားလိုက်သူများ မှာ ယောကျ်ားလေးများ အတွက်(၅၀၀၀မှ၇၀၀၀) ထိရှိပြီးမိန်းမများအတွက်(၅၀၀၀မှ၇၀၀၀)ထိသာရရှိပါသည် ။ သို့သော်လည်းနေ့စားလုပ်ကိုင်သူများရှားပါလျက်ရှိကြောင်းတွေ့ရပ်သည်။

(ဂ) သဘာဝရင်းမြစ်များ
(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ
ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ(ဧက)	မြေဆီလွှာ အရည်အတွေး
လယ်မြေ	၅၉.၁၈	သင့်
ယာမြေ / တောင်ယာမြေ	၅၄၇.၇၇	သင့်
ဥယျာဉ်ခြံမြေ	၄၄.၅	သင့်

ကိုင်း/ကျွန်းမြေ	-	-
ဓနိတောမြေ	-	-
စာကျက်မြေ	-	-
မြေလွတ် မြေလပ်		
စုစုပေါင်း	၆၅၁.၄၅ ဧက	

ရင်းမြစ်... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

၂၁

လေ့လာတွေ့ရှိချက်။ ။ လယ်မြေဧက အများစု ရေသွင်းစိုက်ပျိုးရန်အခက်အခဲရှိသည်။ ယာမြေ/တောင်ယာမြေ ၊ဥယျာဉ်ခြံများကို တိုးချဲ့ဆောက်ရွက်ခြင်းမရှိကြောင်းတွေ့ရှိရပါသည်။ အခြားမြေအမျိုးအစားအလိုက်ရေပေးနိုင်သည့် ဧရိယာများကိုဖြေဆိုထားခြင်းမရှိပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝတိုင်းတွေ့ရှိမှု**	**အသုံးချနိုင်မှု**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	မရှိ	အသုံးမပြုနိုင်
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	မရှိ	အသုံးမပြုနိုင်
သဘာဝ အပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ	လွယ်
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	မရှိ	

ရင်းမြစ် .... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ၊သစ်တောဦးစီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမိုင်ဧရိယာ အတွင်း သဘာဝအတိုင်းတွေ့ရသည့် သယံဇာတများ ၊ သဘာဝ တိရစ္ဆာန်မျိုးစိတ်များမရှိပါ။သဘာဝအပင်မျိုးစိတ်များအဖြစ် နွားစာအတွက်အသုံးဝင်သော မြက်ပင်များ၊ အိမ်အသုံးအဆောင်အဖြစ် အသုံးပြု၍ရသော ဝါးပင် များနှင့် လွယ်ကူစွာရရှိပါသည်။ သဘာဝပေါက်ပင်များ အဖြစ် ဆေးဘက်ဝင် အပင်အချို့ကိုလည်း အနည်းငယ် ရရှိနိုင်သည်။

(ဃ) ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသော အိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၁၁ - ၁၃ ဧက ကြား	၈ - ၁၀ ကြား	၅ ဧကအောက်	
အိမ်အခြေအနေ	အင်္ကတေခင်း၊ အုတ်နံရံကာ ၊ သွပ်မိုး	သစ်သားခင်း၊ သစ်သားကာ ၊ သွပ်မိုး	ဝါးထရံကာ၊ သွပ်မိုး သက်ကယ်မိုး	
ကုန်ထုတ်လုပ်မှု	လက်တွန်းထွန်စက်၊	လက်တွန်းထွန်စက်၊		

နှင့်ဆိုင် သောပိုင်ဆိုင်မှု	ခိုင်းနွား၊ ခိုင်းကျွဲ	ခိုင်းနွား	ခိုင်းနွား	
အဓိက စီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး၊ဆန်စက်၊ စတိုး၊	စိုက်ပျိုးရေး၊ ဈေးရောင်း၊	စိုက်ပျိုးရေး ကျေးကန်း အလုပ်	
အိမ်ထောင်စု	၁၂	၄၈	၈	

ရင်းမြစ်...(၁)ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အဆင်ပြေသော အိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှု များပြားပြီး ကုန်ထုတ်လုပ်မှုနှင့်သက်ဆိုင်သည့် လက်တွန်းထွန်စက်၊ခိုင်းနွား၊ခိုင်းကျွဲ များပိုင်ဆိုင်ကြောင်းတွေ့ရှိရပါသည်။အလယ်တလတ်ရှိသောအိမ်ထောင်စုများမှာ ကုန်ထုတ်လုပ်မှုအနေဖြင့် ခိုင်းနွားသာပိုင်ဆိုင်ပြီး စိုက်ပျိုးရေးနှင့် ဈေးရောင်းခြင်းလုပ်ငန်းကိုသာအဓိကလုပ်ကိုင်ကြပြီးမပြေလည်အိမ်ထောင်စုမှာ ခိုင်းနွားရှိပြီး စိုက်ပျိုးရေးနှင့် ကျေးကန်းအလုပ်လုပ်ကိုင်ကြောင်းတွေ့ရှိရပါသည်။

JJ

(c) ထိခိုက်လွယ်မှု

(c- ၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ
၃ လအောက်ဝမ်းစာဖူလုံမှု	-	-
၃ လနှင့် ၆ လကြားဝမ်းစာဖူလုံမှု		အထောက်အပံ့ယူ ချေးယူ လုပ်အားခယူ
၆ လနှင့် ၁၂ လထိဝမ်းစာဖူလုံမှု		အထောက်အပံ့ယူ ချေးယူ လုပ်အားခယူ

ရင်းမြစ်... ဥစ္စမနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုအား စစ်တမ်းကောက်ယူခြင်း

လေ့လာတွေ့ရှိချက်။ ။ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင် အနည်းဆုံးစားနိုင်သည့် အိမ်ထောင်စု များမဖြေဆိုပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

(ဇယား) (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ် နှင့်အထက်			
မိသားစု/ရက်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုဖို/ တစ်ခုလပ် အိမ်ထောင်စု	၇		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုစောင့်ရှောက်မှုမရှိသော အသက်(၆၄) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ မရှိကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၍ မိသားစု ဦးရေများသည့် မုဆိုးဖို တစ်ခုလပ် အိမ်ထောင်စု (၇) စုရှိကြောင်းတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ
ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု
၁	စားနပ်ရိက္ခာ မဖူလုံမှု	လတ်
၂	သဘာဝရင်းမြစ် ရှားပါမှု (မြေ၊ စိုက်ပျိုးရေး)	နိမ့်
၃	ရေကြီးခြင်း	မရှိ
